## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### ညွှန်ကြားချက်အမှတ် (၁၆/၂၀၁၅)

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်

အကြောင်းအရာ။ **နိုင်ငံခြားငွေဘဏ်စာရင်းမှ နိုင်ငံခြားငွေ ငွေသား ထုတ်ယူခွင့်ပြုခြင်းကိစ္စ**

၁။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များ အနေဖြင့် နိုင်ငံခြားသုံးငွေဘဏ်စာရင်းဖွင့်လှစ်ထားရှိသူများ၏ ဘဏ်စာရင်းမှ နိုင်ငံခြားငွေ၊ ငွေသား ထုတ်ပေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၂ နှင့် ၁၃/၂၀၁၂) အရ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ ထုတ်ပေးခြင်းအစား ရက်သတ္တပတ်တွင် (၂) ကြိမ်ထက်မပိုစေဘဲ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ၅,၀၀၀ ထုတ်ပေးရန်ဖြစ်ပြီး ၎င်းပမာဏထက် ကျော်လွန်ထုတ်ယူလိုပါက စာရင်းပြောင်းနည်းဖြင့်သာ ဆောင်ရွက်ရန်ဖြစ်ပါသည်။

၂။ အစိုးရဌာနများ၊ သံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအတွက် ခိုင်လုံသောအထောက်အထား တင်ပြလာပါက အဆိုပါ ကန့်သတ်ချက်ထက် ကျော်လွန်၍ ထုတ်ပေးခွင့်ပြုကြောင်း အကြောင်းကြားပါသည်။

(ပုံ) xxxxxxxxx
( ဆက်အောင် )
ဒုတိယဥက္ကဋ္ဌ

**ဖြန့်ဝေခြင်း**

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Dealer Licence) ရ ဘဏ်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးလက်ခံ

မျှောစာတွဲ